# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ

# မဟာဗျူဟာ (၅)နှစ် စီမံကိန်း

# (၂၀၂၂-၂၀၂၇)

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ပြန်လည်ထူထောင်ရေးဦးစီးဌာန


| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၏ ဥယျောဇဉ် | |
| ၂။ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၏ အမှာစကား | |
| ၃။ | နိဒါန်း | |
| ၄။ | နောက်ခံအကြောင်းအရာ | |
| ၅။ | မဟာဗျူဟာ ပင်မအခန်းများ | |
| | (က) မဟာဗျူဟာအခန်း ၁။ ကျန်းမာရေး | ၂ |
| | (ခ) မဟာဗျူဟာအခန်း ၂။ ပညာရေး | ၅ |
| | (ဂ) မဟာဗျူဟာအခန်း ၃။ လုပ်ငန်းနှင့်အလုပ်အကိုင် | ၈ |
| | (ဃ) မဟာဗျူဟာအခန်း ၄။ လူမှုကာကွယ်စောင့်ရှောက်ရေး | ၁၁ |
| | (င) မဟာဗျူဟာအခန်း ၅။ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ | ၁၄ |
| | (စ) မဟာဗျူဟာအခန်း ၆။ အလွယ်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်မှု | ၁၇ |
| ၆။ | စီမံချက်ကာလ | ၂၀ |
| ၇။ | ဘဏ္ဍာငွေ (ဘတ်ဂျက်) | ၂၀ |
| ၈။ | စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း | ၂၁ |
| ၉။ | နိဂုံး | ၂၁ |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၏ ဥယျောဇဉ်

……………………………………………………………………………………………

……………………………………………………………………………………………

……………………………………………………………………………………………

……………………………………………………………………………………………

……………………………………………………………………………………………

……………………………………………………………………………………………

……………………………

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ ဥက္ကဋ္ဌ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၏ အမှာစကား

..........................................................................................................

..........................................................................................................

..........................................................................................................

..........................................................................................................

..........................................................................................................

..........................................................................................................

...............................

ဒေါက်တာသက်သက်ခိုင်

ဒုတိယဥက္ကဋ္ဌ

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## နိဒါန်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မသန်စွမ်းသူများသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အလုပ်အကိုင် စသည့်အခွင့်အလမ်းများအား လက်လှမ်းမီရရှိနိုင်မှု နည်းပါးလျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်လျက်ရှိနေသဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများအား ကဏ္ဍစုံတွင် ရရှိနိုင်မှုသေချာစေရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၇)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

### နောက်ခံအကြောင်းအရာ

၂။ ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသော တရားမျှတမှု၊ အကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်းတန်းတူ ပါဝင်ဆောင်ရွက်နိုင်မှုတို့ကို

အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပိုမိုကောင်းမွန်သော ရေရှည် ဖွံ့ဖြိုးတိုးတက်သည့် အကျိုးရလဒ်များ ဖြစ်ပေါ်စေရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို (၂၀၁၅) ခုနှစ်တွင်လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေများကို (၂၀၁၇)တွင် လည်းကောင်း အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ၎င်းဥပဒေ၊ နည်းဥပဒေများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသား အဆင့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီများကိုလည်း ထပ်မံဖွဲ့စည်းနိုင်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံမှ သဘောတူ လက်မှတ်ရေးထိုးထားသည့် အာဆီယံမဟာဗျူဟာလုပ်ငန်း အစီအစဉ် (ASEAN Enabling Masterplan: 2025) အရ မြန်မာနိုင်ငံအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများကို လမ်းညွှန်ဖော်ဆောင်မည့်မဟာဗျူဟာတစ်ရပ် ပေါ်ထွက်နိုင်ရေး အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာမဟာဗျူဟာ ၅ နှစ် စီမံကိန်း (၂၀၂၂-၂၀၂၇) ကို ရေးဆွဲရခြင်းဖြစ်ပြီး အတည်ပြုပြဋ္ဌာန်းပြီးပါက မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။



# အခန်း (၁)

# ကျန်းမာရေး

## ရည်မှန်းချက်

၄။ မသန်စွမ်းသူများသည် ကျန်းမာရေးကဏ္ဍတွင် အများပြည်သူနည်းတူ လူ့အဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင် ရရှိခံစားနိုင်ရမည်။

## ရည်ရွယ်ချက်

၅။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးဆိုင်ရာ မူဝါဒများတွင် မသန်စွမ်းသူများ ခံစားခွင့်ရရှိစေရေး အတွက် ဖြည့်စွက်ပြဋ္ဌာန်းပေးခြင်းဖြင့် မသန်စွမ်းသူများ ကျန်းမာရေး စောင့်ရှောက်မှုခံစားခွင့် ရရှိမှု သေချာစေရန်၊

(ခ) မသန်စွမ်းသူများသည် ၎င်းတို့နေထိုင်ရာဒေသအတွင်း အများ ပြည်သူနည်းတူ အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိစေရန်၊

(ဂ) မသန်စွမ်းမှုအဆင့်အခြေအနေ (Degree of disability) ပိုမို ဆိုးရွားလာမှု လျော့နည်းကျဆင်းစေရန်၊

(ဃ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် မသန်စွမ်းသူများ၏ ကျန်းမာရေး ဆိုင်ရာ အခွင့်အရေးနှင့် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက် ပေးနိုင် စေရန်။

## မျှော်မှန်းရလဒ်များ

၆။ အထက်ပါရည်ရွယ်ချက်များကို စီမံချက်ကာလအတွင်း ဖော်ဆောင်ရာတွင် အောက်ဖော်ပြပါ မျှော်မှန်းရလဒ်များ ရရှိစေရေး ဆောင်ရွက်သွားရမည်–

(က) ရည်ရွယ်ချက် ၅ (က) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်–



(၁) အမျိုးသား ကျန်းမာရေးမူဝါဒ၊ မဟာဗျူဟာနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေများ ရေးဆွဲရာတွင် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ ကွန်ဗင်းရှင်း၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan – 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေများပါ ဖော်ပြချက်များကို အခြေခံ၍ မသန်စွမ်းသူများ၏ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းလာနိုင်ခြင်း၊

(၂) နိုင်ငံတော်က ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဆိုင်ရာ ကော်မတီများ၊ အဖွဲ့များတွင် မသန်စွမ်းသူများ အပါအဝင် မသန်စွမ်းသူများအရေး ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များကို ထည့်သွင်းဖွဲ့စည်းခြင်းနှင့် မသန်စွမ်းသူများ၏ ကျန်းမာရေး အခွင့်အရေးများကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်လာနိုင်ခြင်း။

(ခ) ရည်ရွယ်ချက် ၅ (ခ) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) ကျန်းမာရေးသတင်းအချက်အလက်၊ ဗဟုသုတနှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို မသန်စွမ်းသူများ လက်လှမ်းမီ သိရှိအသုံးပြုလာနိုင်ခြင်း၊

(၂) မသန်စွမ်းသူများဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် အရေအတွက် တိုးတက်လာခြင်း၊

(၃) အများပြည်သူအား ဝန်ဆောင်မှုပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍများတွင် မသန်စွမ်းသူများ၏ကျန်းမာရေးဆိုင်ရာ အခွင့်အရေးနှင့် လိုအပ်ချက်များကို ထည့်သွင်း ဖြည့်ဆည်းပေးလာနိုင်ခြင်း၊

(၄) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အဆောက်အဦများ၊ နေရာထိုင်ခင်းများသည် မသန်စွမ်းသူများအတွက်



အတားအဆီး ကင်းသော ပတ်ဝန်းကျင် (Barrier-free environment) ဖြစ်လာစေခြင်း။

(ဂ) ရည်ရွယ်ချက် ၅ (ဂ) အတွက် မသန်စွမ်းမှုအဆင့်အခြေအနေ (Degree of Disability) ပိုမိုဆိုးရွားလာမှုကို ကြိုတင်ကာကွယ်သည့် အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်လာနိုင်ခြင်း။

(ဃ) ရည်ရွယ်ချက် ၅ (ဃ) အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ မသန်စွမ်းသူများဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် စွမ်းရည်များ တိုးတက်လာခြင်း။

**လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။**

၇။ အောက်ဖော်ပြပါ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်-

(က) **လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်ခြင်း။** ကျန်းမာရေးဝန်ကြီးဌာနသည် စီမံချက်ကာလအတွင်း ရရှိရန် လျာထားသည့် မျှော်မှန်းရလဒ်များကို ဖော်ဆောင်နိုင်ရန် လုပ်ငန်းစီမံချက်ကို လုပ်ငန်းစွမ်းဆောင်ရည်အညွှန်းကိန်း၊ ဆောင်ရွက်မည့်ကာလနှင့် ခန့်မှန်းဘတ်ဂျက်တို့ကို နှစ်အလိုက် ရေးဆွဲသတ်မှတ်ပြီး တာဝန်ခံ အကောင်အထည်ဖော်ရမည်။

(ခ) **ပေါင်းစပ်ညှိနှိုင်းပေးခြင်း။** လုပ်ငန်းစီမံချက် ပြီးမြောက်အောင်မြင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ကျန်းမာရေး ဆပ်ကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်းပေးရမည်။

**အစီရင်ခံတင်ပြခြင်း**

၈။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် လုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်း၊ ဆောင်ရွက်သည့်ကာလနှင့် သုံးစွဲခဲ့သည့်ဘတ်ဂျက် တို့ပါဝင်သည့် လုပ်ငန်းစီမံချက်အား ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီထံ သတ်မှတ်ကာလအလိုက် အစီရင်ခံတင်ပြရမည်။



## အခန်း (၂)

## ပညာရေး

## ရည်မှန်းချက်

၉။ မသန်စွမ်းသူများသည် ပညာရေးကဏ္ဍတွင် အများပြည်သူနည်းတူ လူမှုအဖွဲ့အစည်း တွင် ပေါင်းစည်းပါဝင် ရရှိခံစားနိုင်ရမည်။

## ရည်ရွယ်ချက်

၁၀။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပညာရေးဆိုင်ရာမူဝါဒများတွင် မသန်စွမ်းသူများ ခံစားခွင့်ရရှိစေရေးအတွက် ဖြည့်စွက်ပြဋ္ဌာန်းပေးခြင်းဖြင့် မသန်စွမ်းသူများ ပညာသင်ကြားခွင့်ရရှိမှု သေချာ စေရန်၊

(ခ) မူလတန်းကြိုကျောင်းများ၊ အခြေခံပညာကျောင်းများ၊ သင်တန်းများ၊ သိပ္ပံ၊ ကောလိပ်နှင့် တက္ကသိုလ်များတွင် မသန်စွမ်းသူများအား သင်ကြားရာ၌ မသန်စွမ်းမှုအမျိုးအစားအလိုက် လိုအပ်သော အထောက်အကူပစ္စည်းများ၊ သင်ကြားနည်းစနစ်များ ဖြည့်ဆည်းပေးရန်၊

(ဂ) မသန်စွမ်းသူများအတွက် အထူးပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီ ရရှိစေရန်၊

(ဃ) ပညာရေးဝန်ကြီးဌာန၊ အခြားသက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပညာရေး ဆိုင်ရာ အဖွဲ့အစည်းများရှိ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများသည် မသန်စွမ်း သူများ၏ ပညာရေးဆိုင်ရာ အခွင့်အရေးနှင့် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်။

## မျှော်မှန်းရလဒ်များ

၁၁။ အထက်ပါရည်ရွယ်ချက်များကို စီမံချက်ကာလအတွင်း ဖော်ဆောင်ရာတွင် အောက်ဖော်ပြပါ မျှော်မှန်းရလဒ်များ ရရှိစေရေး ဆောင်ရွက်သွားရမည်-

(က) ရည်ရွယ်ချက် ၁၀ (က) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) နိုင်ငံတော်က ဆောင်ရွက်သည့် အမျိုးသားပညာရေး မူဝါဒ၊ မဟာဗျူဟာနှင့် ဥပဒေများသည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်း၊ အာဆီယံမဟာဗျူဟာ လုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan – 2025)နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေပါ ဖော်ပြချက်များနှင့် အညီ မသန်စွမ်းသူများ၏ပညာရေးဆိုင်ရာ အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်း ဆောင်ရွက်လာနိုင်ခြင်း၊

(၂) အမျိုးသားအဆင့် ပညာရေးဆိုင်ရာကော်မတီများ၊ အဖွဲ့များတွင် မသန်စွမ်းသူများအရေး ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များနှင့် မသန်စွမ်းသူများပါဝင်လာပြီး ယင်းတို့၏လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏ ပညာရေး အခွင့်အရေးများကို ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်လာနိုင်ခြင်း။

(ခ) ရည်ရွယ်ချက် ၁၀ (ခ) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်–

(၁) ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေး အစီအစဉ်များနှင့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးအစီအစဉ်များတွင် မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သော ပတ်ဝန်းကျင်ဖြစ်မှုကို သေချာစေသည့် စနစ်များ၊ အစီအမံများနှင့် သင်ယူပျော်ပတ်ဝန်းကျင်များအဖြစ် တိုးတက်လာခြင်း၊

(၂) မသန်စွမ်းသူများအပေါ် ခွဲခြားခံရမှုမရှိသော သေချာသည့် ပညာရေးဆိုင်ရာ သင်ရိုး ညွှန်းတမ်းနှင့် အလေ့အကျင့်များ ကျင့်သုံးလာခြင်း၊

(၃) မသန်စွမ်းသူများသည် ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်မှအပ နည်းပညာနှင့် သက်မွေးပညာရပ်များကို လေ့လာသင်ယူခွင့် ရရှိလာခြင်း၊

(၄) ကျောင်းပြင်ပ ပညာရေးအစီအစဉ်များနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး အစီအစဉ်များကို မသန်စွမ်းသူများ ပိုမိုလက်လှမ်းမီပါဝင် သင်ယူခွင့်ရရှိလာခြင်း၊



(၅) မသန်စွမ်းသူများသည် ဘက်စုံပညာရေးစနစ်အတွင်း အားကစားနှင့် အနုပညာ ကဏ္ဍများကို မသန်စွမ်းမှု အဆင့်အလိုက် တတ်စွမ်းနိုင်သမျှ လေ့လာသင်ယူခွင့် ရရှိလာခြင်း။

(ဂ) ရည်ရွယ်ချက် ၁၀ (ဂ) အတွက် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနက အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာ မသင်ယူ နိုင်သော မသန်စွမ်းသူများအတွက် အထူးပညာရေး အစီအစဉ်များကို ပိုမိုဖွင့်လှစ် ဆောင်ရွက်လာနိုင်ခြင်း။

(ဃ) ရည်ရွယ်ချက် ၁၀ (ဃ) အတွက် ပညာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း များ၊ ဆရာ၊ ဆရာမများနှင့် စေတနာ့ဝန်ထမ်းများသည် မသန်စွမ်းသူများ၏ သဘောသဘာဝကို သိနားလည်လာပြီး ကူညီပံ့ပိုးပေးနိုင်သည့် စွမ်းဆောင်ရည် အရည် အသွေးများ မြင့်မားတိုးတက်လာခြင်း။

**လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။**

၁၂။ အောက်ဖော်ပြပါ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်–

(က) **လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်ခြင်း။** အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) ပညာရေးဝန်ကြီးဌာနသည် စီမံချက်ကာလအတွင်း ရရှိရန် လျာထား သည့် မျှော်မှန်းရလဒ်များကို ဖော်ဆောင်နိုင်ရန် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ လုပ်ငန်း စွမ်းဆောင်ရည်အညွှန်းကိန်း၊ ဆောင်ရွက်မည့်ကာလနှင့် ခန့်မှန်း ဘတ်ဂျက်တို့ကို နှစ်အလိုက် ရေးဆွဲ အကောင်အထည်ဖော်ရမည်၊

(၂) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လုပ်ငန်းစီမံချက် အရ မိမိတို့နှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် တာဝန်ခံ အကောင် အထည်ဖော်ရမည်။

(ခ) **ပေါင်းစပ်ညှိနှိုင်းပေးခြင်း။** လုပ်ငန်းစီမံချက် ပြီးမြောက် အောင်မြင်ရန် မသန်စွမ်းသူ များ၏ အခွင့် အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ပညာရေး ဆပ်ကော်မတီသည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၈

**အစီရင်ခံတင်ပြခြင်း**

၁၃။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် လုပ်ငန်းစွမ်းဆောင်ရည် အညွှန်း ကိန်း၊ ဆောင်ရွက်သည့်ကာလနှင့် သုံးစွဲခဲ့သည့်ဘတ်ဂျက် တို့ပါဝင်သည့် လုပ်ငန်းစီမံချက် အား ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီထံ သတ်မှတ်ကာလအလိုက် အစီရင်ခံတင်ပြရမည်။

# အခန်း (၃)

# လုပ်ငန်းနှင့်အလုပ်အကိုင်

**ရည်မှန်းချက်**

၁၄။ မသန်စွမ်းသူများသည် ဂုဏ်သိက္ခာရှိသော အသက်မွေးဝမ်းကျောင်းမှုဖြင့် လုံလောက်မျှတသော ပုံမှန်ဝင်ငွေရရှိလာပြီး ဘဝရပ်တည်လာနိုင်ရမည်။

**ရည်ရွယ်ချက်**

၁၅။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မသန်စွမ်းသူများသည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ ကွန်ဗင်းရှင်း၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊

နည်းဥပဒေပါ လုပ်ငန်းနှင့်အလုပ်အကိုင်ဆိုင်ရာ အခွင့်အရေးများကိုအပြည့် အဝ ရရှိခံစားရန်၊

(ခ) မသန်စွမ်းသူများသည် ကောင်းမွန်၍လုံခြုံဘေးကင်းပြီး သဟဇာတဖြစ် သော လုပ်ငန်းနှင့် အလုပ်အကိုင်များကို လုပ်ကိုင်နိုင်ရန်၊

(ဂ) အလုပ်သမားဝန်ကြီးဌာန နှင့် အလုပ်အကိုင်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာန များ၊ အဖွဲ့အစည်းများရှိ အရာထမ်း၊ အမှုထမ်းများ၊ စေတနာ့ဝန်ထမ်း များသည် မသန်စွမ်းသူများ၏ အလုပ်အကိုင်ဆိုင်ရာ အခွင့်အရေးနှင့် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်။

၉

## မျှော်မှန်းရလဒ်များ

၁၆။ အထက်ပါရည်ရွယ်ချက်များကို စီမံချက်ကာလအတွင်း ဖော်ဆောင်ရာတွင် အောက်ဖော်ပြပါ မျှော်မှန်းရလဒ်များ ရရှိစေရေး ဆောင်ရွက်သွားရမည်–

(က) ရည်ရွယ်ချက် ၁၅ (က) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်–

(၁) နိုင်ငံတော်က ဆောင်ရွက်သည့် အလုပ်ရှင်၊ အလုပ်သမားနှင့် လုပ်ငန်းခွင် ဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ဥပဒေများသည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း၊ အာဆီယံ မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan 2025)နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေပါ ဖော်ပြချက်များနှင့်အညီ မသန်စွမ်းသူများ၏ လုပ်ငန်းနှင့် အလုပ်အကိုင် ဆိုင်ရာ အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်း ဆောင်ရွက်လာနိုင်ခြင်း၊

(၂) နိုင်ငံတော်က ဖွဲ့စည်းဆောင်ရွက်သည့် လုပ်ငန်းရှင်နှင့် အလုပ်သမား ဆိုင်ရာ၊ အလုပ်အကိုင်ဆိုင်ရာ ကော်မတီများ၊ အဖွဲ့များတွင် မသန်စွမ်း သူများအပါအဝင် မသန်စွမ်းသူများအရေး ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များ ပါဝင်လာပြီး ယင်းတို့၏ လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏

လုပ်ငန်းနှင့်အလုပ်အကိုင်ဆိုင်ရာ အခွင့်အရေးများကို ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်လာနိုင်ခြင်း။

(ခ) ရည်ရွယ်ချက် ၁၅ (ခ) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) မသန်စွမ်းသူများအတွက် သဟဇာတဖြစ်၍ သင့်တင့်လျောက်ပတ်သောလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်း၊

(၂) မသန်စွမ်းသူများအကျိုးဝင် အတားအဆီးကင်းစင်သည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်လာခြင်း၊

(၃) မသန်စွမ်းအလုပ်ရှင်နှင့် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ် မြှင့်တင်ပေးလာနိုင်ခြင်း၊

(၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကဏ္ဍလုပ်ငန်းများတွင် မသန်စွမ်းသူများ ပါဝင်လုပ်ကိုင်မှု မြင့်မားလာခြင်း။

(ဂ) ရည်ရွယ်ချက် ၁၅ (ဂ) အတွက် အလုပ်သမားဝန်ကြီးဌာနနှင့် အလုပ်အကိုင်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများရှိ အရာထမ်း၊ အမှုထမ်းများ၊



စေတနာ့ဝန်ထမ်းများ၏ မသန်စွမ်းသူများ အခွင့်အရေး ထည့်သွင်းပေါင်းစပ်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည် အရည်အသွေးမြင့်မားတိုးတက် လာနိုင်ခြင်း။

## လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

၁၇။ အောက်ဖော်ပြပါ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်-

(က) **လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်ခြင်း။** အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) အလုပ်သမားဝန်ကြီးဌာနသည် စီမံချက်ကာလအတွင်း ရရှိရန် လျာထားသည့် မျှော်မှန်းရလဒ်များကို ဖော်ဆောင်နိုင်ရန် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ လုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်း၊ ဆောင်ရွက်မည့်ကာလနှင့်

ခန့်မှန်းဘတ်ဂျက်တို့ကို နှစ်အလိုက် ရေးဆွဲ အကောင်အထည်ဖော်ရမည်။

(၂) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လုပ်ငန်းစီမံချက်အရ မိမိတို့နှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် တာဝန်ခံ အကောင်အထည်ဖော်ရမည်။

(ခ) **ပေါင်းစပ်ညှိနှိုင်းပေးခြင်း။** လုပ်ငန်းစီမံချက် ပြီးမြောက်အောင်မြင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့် အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်းပေးရမည်။

**အစီရင်ခံတင်ပြခြင်း**

၁၈။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် လုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်း၊ ဆောင်ရွက်သည့်ကာလနှင့် သုံးစွဲခဲ့သည့်ဘတ်ဂျက်တို့ ပါဝင်သည့် လုပ်ငန်းစီမံချက်အား



ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီထံ သတ်မှတ်ကာလအလိုက် အစီရင်ခံတင်ပြရမည်။

## အခန်း (၄)

## လူမှုကာကွယ်စောင့်ရှောက်ရေး

**ရည်မှန်းချက်**

၁၉။ မသန်စွမ်းကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများအပါအဝင် မသန်စွမ်းသူများသည် အခြေခံလိုအပ်ချက်များကို ပြည့်မီစွာရရှိလာပြီး အမှီအခို ကင်း၍ သာယာဝပြောသော လူမှုစီးပွားဘဝကို ရပ်တည်နေထိုင်လာနိုင်ရမည်။

## ရည်ရွယ်ချက်

၂၀။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဖော်ဆောင်ရန် ဖြစ်သည်−

(က) မသန်စွမ်းသူများသည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါလူမှုဖူလုံရေး အကျိုးခံစားခွင့်များကို အပြည့်အဝ ရရှိခံစားနိုင်ရန်၊

(ခ) မသန်စွမ်းသူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန်၊

(ဂ) လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် ဆက်စပ်သည့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများရှိ အရာထမ်း၊ အမှုထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် လူမှုဝန်ထမ်းသမား များသည် မသန်စွမ်းသူများ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခွင့်အရေးနှင့် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရန်။

## မျှော်မှန်းရလဒ်များ

၂၁။ အထက်ပါရည်ရွယ်ချက်များကို စီမံချက်ကာလအတွင်း ဖော်ဆောင်ရာတွင် အောက်ဖော်ပြပါ မျှော်မှန်းရလဒ်များ ရရှိစေရေး ဆောင်ရွက်သွားရမည်−

(က) ရည်ရွယ်ချက် ၂၀ (က) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်−



(၁) နိုင်ငံတော်မှချမှတ်ဆောင်ရွက်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာလုပ်ငန်းစဉ်များ၊ လူမှုဖူလုံရေးဆိုင်ရာဥပဒေတို့သည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်း၊ အာဆီယံ မဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေပါ ဖော်ပြချက်

များနှင့်အညီမသန်စွမ်းသူများ၏ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှု ဖူလုံရေးအကျိုးခံစားခွင့်များကို ထည့်သွင်းပြဋ္ဌာန်း ဆောင်ရွက်လာနိုင်ခြင်း၊

(၂) နိုင်ငံတော်က ဖွဲ့စည်းဆောင်ရွက်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ကော်မတီများ၊ အဖွဲ့များတွင် မသန်စွမ်းသူများအပါအဝင် မသန်စွမ်းသူများအရေး ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များ ပါဝင်လာပြီး ယင်းတို့၏ လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်လာနိုင်ခြင်း၊

(၃) မသန်စွမ်းသူများအား ခွဲခြားမှုမပြုဘဲ ဥပဒေ၏ အကာအကွယ်ကို တန်းတူညီမျှ ရရှိစေရေး ဆောင်ရွက်ပေးခြင်းနှင့် တရားစွဲဆိုမှုများ၌ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ အခွင့်အရေးများကို ရရှိခံစားလာနိုင်ခြင်း။

(ခ) ရည်ရွယ်ချက် ၂၀ (ခ) အတွက် အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) မသန်စွမ်းသူများသည် အခြေခံလိုအပ်ချက်များနှင့် လူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိလာနိုင်ခြင်း၊

(၂) မသန်စွမ်းသူများအား လူမှုရေးနှင့် စီးပွားရေးဘေးအန္တရာယ်ကျရောက်နိုင်မှုများမှ ကာကွယ်ပေးလာနိုင်ခြင်း၊

(၃) မသန်စွမ်းသူများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်း။

(ဂ) ရည်ရွယ်ချက် ၂၀ (ဂ) အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများရှိ အရာထမ်း၊ အမှုထမ်းများ၊

စေတနာ့ဝန်ထမ်းများနှင့် လူမှုဝန်ထမ်းသမားများသည် မသန်စွမ်းသူများ အခွင့်အရေး ထည့်သွင်းပေါင်းစပ်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည် အရည်အသွေး မြင့်မားတိုးတက်လာခြင်း။

**လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။**

၂၂။ အောက်ဖော်ပြပါ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်-

(က) **လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်ခြင်း။** အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် စီမံချက်ကာလအတွင်း ရရှိရန် လျာထားသည့် မျှော်မှန်းရလဒ်များကိုဖော်ဆောင်နိုင်ရန်လုပ်ငန်းစီမံချက်ကိုသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ နှင့် ညှိနှိုင်း၍ လုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်း၊ ဆောင်ရွက်မည့်ကာလနှင့် ခန့်မှန်းဘတ်ဂျက်တို့ကို နှစ်အလိုက် ရေးဆွဲအကောင်အထည်ဖော်ရမည်၊

(၂) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လုပ်ငန်းစီမံချက်အရ မိမိတို့ နှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် တာဝန်ခံ အကောင်အထည်ဖော်ရမည်။

(ခ) **ပေါင်းစပ်ညှိနှိုင်းပေးခြင်း။** လုပ်ငန်းစီမံချက် ပြီးမြောက်အောင်မြင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်း ပေးရမည်။

**အစီရင်ခံတင်ပြခြင်း**

၂၃။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် လုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်း၊ ဆောင်ရွက်သည့်ကာလနှင့် သုံးစွဲခဲ့သည့်ဘတ်ဂျက် တို့ပါဝင်သည့် လုပ်ငန်းစီမံချက်အား ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား



ကော်မတီထံ သတ်မှတ်ကာလအလိုက် အစီရင်ခံတင်ပြရမည်။

# အခန်း (၅)

# သဘာဝဘေးနှင့်အခြားအရေးပေါ်အခြေအနေ

## ရည်မှန်းချက်

၂၄။ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေကြောင့် မသန်စွမ်းသူများအပေါ် ကျရောက် လာနိုင်သော ထိခိုက်ဆုံးရှုံးမှုများ နည်းပါးလာပြီး ၎င်းတို့၏ လူမှုစီးပွားဖွံ့ဖြိုးမှု နှင့် တည်တံ့မှုကို ဆက်လက်ထိန်းထားနိုင်ရမည်။

## ရည်ရွယ်ချက်

၂၅။ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မသန်စွမ်းသူများသည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေပါ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေဆိုင်ရာနှင့် အရေးပေါ်ကာလ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများကို အပြည့်အဝရရှိရန်၊

(ခ) သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေကြောင့် မသန်စွမ်းသူများအပေါ် ကျရောက်လာနိုင်သော ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးသက်သာရန်၊

(ဂ) သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေကြောင့် မသန်စွမ်းသူများ ခံစား ရသည့် ထိခိုက်ဆုံးရှုံးမှုများမှ လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများရှိ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် မသန်စွမ်းသူများ၏ သဘာဝဘေးနှင့်အခြား အရေးပေါ်အခြေအနေဆိုင်ရာ အခွင့်အရေးနှင့် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးရန်။

၁၅

**မျှော်မှန်းရလဒ်များ**

၂၆။ အထက်ပါရည်ရွယ်ချက်များကို စီမံချက်ကာလအတွင်း ဖော်ဆောင်ရာတွင် အောက်ဖော်ပြပါ မျှော်မှန်းရလဒ်များ ရရှိစေရေး ဆောင်ရွက်သွားရမည်-

(က) ရည်ရွယ်ချက် ၂၅ (က) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) နိုင်ငံတော်က ဆောင်ရွက်သည့် သဘာဝဘေးနှင့်အခြားအရေးပေါ်အခြေအနေဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ဥပဒေများသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေပါဖော်ပြချက်များနှင့်အညီ မသန်စွမ်းသူများ၏ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာ လိုအပ်ချက်နှင့် အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းဆောင်ရွက်လာနိုင်ခြင်း၊

(၂) နိုင်ငံတော်က ဖွဲ့စည်းဆောင်ရွက်သည့် သဘာဝဘေးနှင့်အခြားအရေးပေါ်အခြေအနေဆိုင်ရာကော်မတီများ၊ အဖွဲ့များတွင် မသန်စွမ်းသူများအပါအဝင် မသန်စွမ်းသူများအရေးကျွမ်းကျင်သည့်ပုဂ္ဂိုလ်များ ပါဝင်လာပြီး ယင်းတို့၏ လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏ လိုအပ်ချက်နှင့်အခွင့်အရေးများကို ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်လာ ခြင်း။

(ခ) ရည်ရွယ်ချက် ၂၅ (ခ) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာ သတင်းအချက်အလက်များ၊ ပညာပေးအစီအစဉ်များကို မသန်စွမ်းသူများ အလွယ်တကူ လက်လှမ်းမီသိရှိလာခြင်း၊

(၂) မသန်စွမ်းသူများသည် သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေများအပေါ် ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း ကြံ့ခိုင်မြင့်မားလာခြင်း၊

(၃) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ လက်လှမ်းမီမှုနှင့် အကျုံးဝင်မှု တိုးမြင့်လာခြင်း။



(ဂ) ရည်ရွယ်ချက် ၂၅ (ဂ) အတွက် မသန်စွမ်းသူများသည် သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေကြောင့် ထိခိုက်ခံစားရမှုများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်သော အထောက်အပံ့နှင့် အကူအညီများကို လက်လှမ်းမီရရှိလာခြင်း။

(ဃ) ရည်ရွယ်ချက် ၂၅ (ဃ) အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများရှိ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ မသန်စွမ်းသူများအခွင့်အရေးထည့်သွင်းပေါင်းစပ်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်အရည်အသွေးမြင့်မား တိုးတက်လာခြင်း။

**လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။**

၂၇။ အောက်ဖော်ပြပါ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်-

(က) **လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်ခြင်း။** အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် စီမံချက်ကာလအတွင်း ရရှိရန် လျာထားသည့် မျှော်မှန်းရလဒ်များကို ဖော် ဆောင်နိုင်ရန် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့

များနှင့် ညှိနှိုင်း၍ လုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်း၊ ဆောင်ရွက်မည့်ကာလနှင့် ခန့်မှန်းဘတ်ဂျက်တို့ကို နှစ်အလိုက် ရေးဆွဲအကောင်အထည်ဖော်ရမည်။

(၂) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များသည် လုပ်ငန်းစီမံချက်အရ မိမိတို့နှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် တာဝန်ခံ အကောင်အထည်ဖော်ရမည်။

(ခ) **ပေါင်းစပ်ညှိနှိုင်းပေးခြင်း။** လုပ်ငန်းစီမံချက် ပြီးမြောက်အောင်မြင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့်သက်ဆိုင်ရာ



ဆပ်ကော်မတီများသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်းပေးရမည်။

**အစီရင်ခံတင်ပြခြင်း**

၂၈။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် လုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်း၊ ဆောင်ရွက်သည့်ကာလနှင့် သုံးစွဲခဲ့သည့်ဘတ်ဂျက် တို့ပါဝင်သည့် လုပ်ငန်းစီမံချက်အား ဆောင် ရွက်ပြီးစီးမှု အခြေအနေကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီထံ သတ်မှတ်ကာလအလိုက် အစီရင်ခံတင်ပြရမည်။

## အခန်း (၆)

## အလွယ်တကူလက်လှမ်းမီရယူအသုံးပြုနိုင်မှု

**ရည်မှန်းချက်**

၂၉။ မသန်စွမ်းသူများသည် ကိုယ်စိတ်နှစ်ပါး လုံခြုံဘေးကင်းစွာဖြင့် လူ့အဖွဲ့အစည်း အတွင်း အများနည်းတူ အပြည့်အဝ ပါဝင်ဆောင်ရွက်လာနိုင်ရမည်။

## ရည်ရွယ်ချက်

၃၀။ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မသန်စွမ်းသူများသည် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေပါ အလွယ်တတူ လက်လှမ်းမီရယူအသုံးပြုနိုင်မှုဆိုင်ရာ အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားနိုင်ရန်၊

(ခ) သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာများကို မသန်စွမ်းသူများ လွယ်ကူစွာ လက်လှမ်းမီရယူအသုံးပြုနိုင်ရန်၊

(ဂ) အများပြည်သူသုံးအဆောက်အဦး၊ ဆက်စပ်ပတ်ဝန်းကျင်နှင့် ဝန်ဆောင်မှု များကို မသန်စွမ်းသူများ လွယ်ကူလုံခြုံစွာ လက်လှမ်းမီရယူသုံးစွဲနိုင်ရန်၊



(ဃ) မသန်စွမ်းသူများအတွက် အတားအဆီးကင်းသည့်ပတ်ဝန်းကျင် (Barrier-free environment) ဖော်ဆောင်ရေးအတွက် တာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်း များရှိ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် မသန်စွမ်းသူများ၏ အလွယ်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်မှုဆိုင်ရာ အခွင့်အရေးနှင့် လိုအပ်ချက်များကို ပိုမို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်။

## မျှော်မှန်းရလဒ်များ

၃၁။ အထက်ပါရည်ရွယ်ချက်များကို စီမံချက်ကာလအတွင်း ဖော်ဆောင်ရာတွင် အောက်ဖော်ပြပါ မျှော်မှန်းရလဒ်များ ရရှိစေရေး ဆောင်ရွက်သွားရမည်-

(က) ရည်ရွယ်ချက် ၃၀ (က) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) နိုင်ငံတော်က ဆောင်ရွက်သည့် အဆောက်အဦဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာနှင့် စည်ပင်သာယာရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ဥပဒေများသည် ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေပါ ဖော်ပြချက်များနှင့်အညီ မသန်စွမ်းသူများ၏ လက်လှမ်းမီရယူ အသုံးပြုနိုင်မှုဆိုင်ရာ လိုအပ်ချက်နှင့် အခွင့်အရေးများကို ထည့်သွင်းပြဌာန်း ဆောင်ရွက်လာခြင်း၊

(၂) နိုင်ငံတော်က ဖွဲ့စည်းဆောင်ရွက်သည့် အဆောက်အဦဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာနှင့် စည်ပင်သာယာဆိုင်ရာ ကော်မတီများ၊ အဖွဲ့များတွင် မသန်စွမ်းသူများအပါအဝင် မသန်စွမ်းသူများအရေး ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များ ပါဝင်လာပြီး ယင်းတို့၏ လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏ လိုအပ်ချက်နှင့်အခွင့်အရေးများကို ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်လာခြင်း။

၁၉

(ခ) ရည်ရွယ်ချက် ၃၀ (ခ) အတွက် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာ ဝန်ဆောင်မှုများသည် မသန်စွမ်းသူများအတွက် အတားအဆီးကင်းလာခြင်း။

(ဂ) ရည်ရွယ်ချက် ၃၀ (ဂ) အတွက် အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများသည် မသန်စွမ်းသူများအတွက် ဘေးကင်းလုံခြုံပြီး အတားအဆီး ကင်းလာခြင်း၊

(၂) အများပြည်သူသုံးအဆောက်အဦး၊ဆက်စပ်ပတ်ဝန်းကျင်နှင့်ဝန်ဆောင်မှုများသည် မသန်စွမ်းသူများအတွက် ဘေးကင်းလုံခြုံပြီး အတားအဆီးကင်းလာခြင်း။

(ဃ) ရည်ရွယ်ချက် ၃၀ (ဃ) အတွက် မသန်စွမ်းသူများအတွက် အတားအဆီးကင်းသည့်ပတ်ဝန်းကျင် (Barrier-free environment) ဖော်ဆောင်ရေးအတွက် တာဝန်ရှိသည့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများရှိ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် မသန်စွမ်းသူများအခွင့်အရေး ထည့်သွင်းပေါင်းစပ်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည် အရည် အသွေးမြင့်မားတိုးတက်လာခြင်း။

**လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။**

၃၂။ အောက်ဖော်ပြပါ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်-

(က) **လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်ခြင်း။** အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည်စီမံချက်ကာလ အတွင်း ရရှိရန်လျာထားသည့် မျှော်မှန်းရလဒ်များကို ဖော်ဆောင်နိုင်ရန် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများနှင့် ညှိနှိုင်း၍ လုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်း၊ ဆောင်ရွက်မည့်ကာလနှင့် ခန့်မှန်းဘတ်ဂျက်တို့ကို နှစ်အလိုက် ရေးဆွဲအကောင်အထည်ဖော်ရမည်။



(၂) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး

အဖွဲ့များသည် လုပ်ငန်းစီမံချက်အရ မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် တာဝန်ခံ အကောင်အထည် ဖော်ရမည်။

(ခ) **ပေါင်းစပ်ညှိနှိုင်းပေးခြင်း။** လုပ်ငန်းစီမံချက် ပြီးမြောက်အောင်မြင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများသည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဆက်စပ်အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်းပေးရမည်။

## အစီရင်ခံတင်ပြခြင်း

၃၃။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် လုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်း၊ ဆောင်ရွက်သည့်ကာလနှင့် သုံးစွဲခဲ့သည့်ဘတ်ဂျက် တို့ပါဝင်သည့် လုပ်ငန်းစီမံချက်အား ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီထံ သတ်မှတ်ကာလအလိုက် အစီရင်ခံတင်ပြရမည်။

## စီမံချက်ကာလ

၃၄။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ သတ်မှတ်၍ လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ပါမည်။

## ဘဏ္ဍာငွေ (ဘတ်ဂျက်)

၃၅။ နှစ်အလိုက် လိုအပ်သောဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်းရင်းမြစ်တို့ကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်မည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ မှ ဘဏ္ဍာနှစ်အလိုက် လျာထားသုံးစွဲရန်ဖြစ်ပါသည်။

## စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

၃၆။ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီ သည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)၏ ရည်ရွယ်ချက်များ အတိုင်း တိုးတက်အောင်မြင်မှု ရှိ/မရှိနှင့် မည်သည့်အားထုတ်လုပ်ဆောင်မှုများသည် မျှော်မှန်းထားသောရလဒ်များသို့ မည်မျှရောက်ရှိနေသည်ကို သတ်မှတ်ထားသော အညွှန်းကိန်းများအရ ပြန်လည်သုံးသပ်မည်ဖြစ်သည်။ အချက်အလက်ကောက်ယူစုဆောင်းမှု လုပ်ထုံးလုပ်နည်းများ အပါအဝင် စောင့်ကြပ်ကြည့်ရှုခြင်းစနစ်ကို နှစ်စဉ်ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်သလို ပြန်လည်မွမ်းမံခြင်းကိုလည်း လုပ်ဆောင်သွားမည်။ သတင်းပို့အစီရင်ခံမှုအတွက် လမ်းညွှန်ချက်များနှင့် အစီရင်ခံရမည့် အချိန်ကာလကို မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာလုပ်ငန်းကော်မတီ ၏ ခွင့်ပြုချက်ဖြင့် စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီက ချမှတ်ပေးမည်။

## နိဂုံး

၃၇။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ရေးဆွဲရာတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မသန်စွမ်းသူများ နှင့် အတူ မသန်စွမ်းအရေးဆောင်ရွက်ကြသည့် အဖွဲ့အစည်းများနှင့် ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် (၂၀၁၉) ခုနှစ် မှစတင်ရေးဆွဲခဲ့ကြခြင်းဖြစ်ပါသည်။

၃၈။ ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း၊ အာဆီယံ မဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Enabling Masterplan 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေတို့အရ နိုင်ငံ၏ လူသားစွမ်းရည်အရင်းအမြစ်များ ဖြစ်သော မသန်စွမ်းသူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအသိုင်းအဝန်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးနှင့် လူ့ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်နိုင်စေရေးအတွက် ပြည်ထောင်စုဝန်ကြီး

ဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ပင် ဖြစ်ပါသည်။